# ရဟိုင်ကူးတို့ကျေးရွာ
# ရခိုင်ပြည်နယ်၊ ဝမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရဟိုင်ကူးတို့ကျေးရွာ၊ ဝမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

## မာ တိ ကာ


စကားချီး

ရဟိုင်ကူးတို့ကျေးရွာသယံဇာတပြမြေပုံ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်အစီအစဉ်

(၁) **နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွှယ်မှု

(၄) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ် စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက် အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

(၈) **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား (၃) **လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**
ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ
ဇယား (၆) ဥစ္စာခနေအဆင့်အခြေအနေ
ဇယား(၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု

(၂) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား(၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်း များ
ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းပြဿနာနှင့်အခက်အခဲများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက် မှုနှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

ဇယား (၃၅) လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ဇယား (၃၈) အိမ်သာအမျိုးအစား

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာအခြေအနေ

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက် လှမ်းမီမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ စီမံချက်အထိ) ကိုးကားစာရင်း**

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ် ကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထား သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများစနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်း ချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤ လုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်လက်တို့၏ အရေးပါမှုကို သိရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက် အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက် အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်း သည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်း လဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုး မှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီ အစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါ

သည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်ချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရဟိုင်ကူးတို့ကျေးရွာ
ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

**ရဟိုင်ကူးတို့ကျေးရွာ လူမှုရေး၊ သယံဇာတနှင့် အရင်းမြစ်မြေပုံ**



## အပိုင်း (က)

## ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း

## ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများ ကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်း များ၏အာရုံ စိုက်မှုကို ရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာ လူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှု ဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက် ရမည့်

လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက် ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိ လာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များ ကိုမြို့နယ် အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## (၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်း သို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။ လူထုဦးဆောင် ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ် ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ရဟိုင်ကူးတို့ကျေးရွာဖြစ်ပါသည်။ အုပ်ချုပ်ရေးစိုက်ရာ ဂွမြို့နှင့် (၅) မိုင်ဝေးကွာပါသည်။ ပင်လယ်ကမ်းခြေတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှမိုးရေချိန်လက်မမှာ (၁၅၀) မှ (၁၈၀)ဝန်းကျင်တွင်ရှိပြီး

အပူအအေးမျှတသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းမြင့်ပိုင်းဖြစ်၍ ဆားငန်ရေ ဝင်ရောက်မှု ကင်းလွတ်သည်။ ကျေးရွာအနီးတွင် တောတောင်များမရှိပဲ ပင်လယ်နားတွင် တည်ရှိ ပါသည်။ သို့သော် သဘာဝဘေးအန္တရာယ်ဖြစ်သော လေမုန်တိုင်းဒဏ်ကို မကြာခဏခံစားရပြီး ဆူနာမီခေါ် ရေလျှံလှုပ်ခြင်းဒဏ်ကိုလည်း ခံစားရပါသည်။ အနောက်တောင်ဘက်တွင် ပင်လယ်ကြီးရှိပြီး အရှေ့မြောက်ဘက်တွင် သံတွဲ-ဂွ-ရန်ကုန် ကားလမ်း မကြီးနှင့် တစ်မိုင်ခန့်ဝေးကွာပါသည်။ ကားလမ်းမကြီးအား ဖြတ်သန်းစီးဆင်းလာသော ရေငန်ချောင်းသည် ဂပုံကွေ့ဝိုက်၍ ကျွန်ုပ်တို့ကျေးရွာ၏ ပင်လယ်ချောင်းရိုးမှ တစ်ဆင့်ပင်လယ်ထဲသို့ စီးဆင်းလာသောကြောင့် ရေပတ်လည်ဝိုင်းသော ကျေးရွာ ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ထွက်ပေါက်ရယူမှု တစ်ခုတည်း ရရှိသော ကျေးရွာဖြစ်သည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိပြီး မြေဆီလွှာမှာ သဲမြေဖြစ်သည်။ လယ်သမားများသည် မိုးရေကိုသာ အားထား၍ စိုက်ပျိုးကြရသည်။ ထွန်ယက်စိုက်ပျိုးဧကမှာ (၁၈၈)ဧက ရှိပြီး စပါးကိုသာ အဓိကစိုက်ပျိုးကြသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာရှိအိမ်ထောင်စုပေါင်းမှာ (၇၄၄) ရှိပြီး ကျား(၁၄၀၉)ယောက်နှင့် မ(၁၄၅၅) ယောက်တို့ရှိပြီး လူဦးရေစုစုပေါင်းမှာ (၂၈၆၄)ယောက်ရှိသည်။ ကျေးရွာတွင် ဒေသခံရခိုင် လူမျိုးများအပြင် ဗမာလူမျိုးများလည်း နေထိုင်သည်။ အလုပ်အလုပ်နိုင်သော အရွယ်သည် ကျေးရွာ၏ **(၁၀.၇၈%)** ရှိပြီး လူသားအရင်းအမြစ်ကောင်းတစ်ခုဖြစ်ကာ စီးပွားရေးအခွင့်အလမ်း တိုးတက်အောင်ဆောင်ရွက်နိုင်သူများလည်းဖြစ်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေနှင့် တန်းတူရှိနေခဲ့သည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် ရေလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ရာသီဥတုနှင့် ငါးပုဇွန်ရှားပါးမှုတို့ကြောင့် ရေလုပ်သားများ၏ စားဝတ်နေရေးမှာ ပိုမိုကြပ်တည်းလျှက်ရှိသည်။ ကျဘမ်းအလုပ်သမားများ၏ နေ့စဉ်ဝင်ငွေမှာလည်း တစ်နေ့တာ စားစရိတ်မဖူလုံကြပေ။ ဆင်းရဲချမ်းသာ သတ်မှတ်မှုတွင် တစ်ရွာလုံး၏ (၈၈%) သည် ဆင်းရဲနှင့်အလွန်ဆင်းရဲဖြစ်ပြီး အဆင်ပြေသော အိမ်ထောင်စုများမှာ (၁၀.၃၄)%ရှိသည်။ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် မိုးရေကို အားထား၍ စိုက်ပျိုးရပြီး စိုက်ပျိုးချိန်တွင် အလုပ်သမား ရှားပါးမှု များကြောင့် အခက်အခဲကြုံတွေ့ရသည်။ စိုက်ပျိုးမြေညံ့ဖျင်းမှုကြောင့် လယ်သမားမှာ ဝမ်းစာလုံလောက်ခြင်းမရှိကြပါ။ ကုန်စုံဆိုင်ပိုင်ရှင်များနှင့် အရောင်းအဝယ် လုပ်ကိုင်နေသော အိမ်ထောင်စုများမှာ အသင့်အတင့်အဆင်ပြေကြပြီး ရေလုပ်ငန်းရှင်များမှာ အလွန်ချမ်းသာကြသည်။ ဝန်ထမ်းအိမ်ထောင်စုမှာလည်း အသင့်အတင့် အဆင်ပြေကြပါသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်ဆိုင်ပြီး အသင့်အတင့်

အဆင်ပြေကြပြီး ရေလုပ်ငန်းရှင်များမှာ အလွန်ချမ်းသာကြသည်။ ဝန်ထမ်းအိမ်ထောင်စုမှာလည်း အသင့်အတင့် အဆင်ပြေကြပါသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ် ပိုင်ဆိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ပန်းရံ နှင့်ရေလုပ်ငန်းလုပ်ကိုင်သော အငှားလုပ်သားများ ပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ မြင့်မားပြီး (၇၆%) အထိရှိကာ ဆင်းရဲအလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် ရာသီအလိုက်ကြုံရာအလုပ်များကို လုပ်ကိုင်ကြရသည်။ ပုံမှန်လုပ်ကိုင်ရခြင်းမရှိသဖြင့် အခက်အခဲများကို အများဆုံးရင်ဆိုင်ကြရသည်။ ကျေးရွာမှဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀**%**မှာ **(NGO)** အဖွဲ့မှ ထုတ်ချေးပေးသော ပုံ့ပိုးငွေများနှင့် အလုပ်ရှင်ထံမှ ကြိုတင်ငွေများဖြင့် စားဝတ်နေရေးအတွက် တင်ရှိနေသောအကြွေးများ ရင်ဆိုင်ကြုံ တွေ့နေ ရသည်။ တစ်နှစ်ပါတ်လုံးဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုမှာ **(**၀.၆၁**%)** သာရှိပြီး သူတပါးထံမှ ချေးငှားစရာမလိုပဲ နပ်မျန်စားသုံးနိုင်ကြောင်းတွေ့ရသည်။ အကြွေးတင်ရှိမှုအတွက် တွေ့ရှိ ရသောအိမ်ထောင်စု အားလုံးသည် ပျှမ်းမျှသုံးသိန်းကျပ် (၃၀၀၀၀၀) ထိ အကြွေး တင်ရှိနေကြောင်း တွေ့ရပါသည်။

ကျေးရွာတွင် ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု ၊ အမျိုးသား ဦးဆောင်နေရသည့် သားသမီးများစွာရှိသည့် မုဆိုးဖိုအိမ်ထောင်စု၊ သားသမီးများ ထောက်ပံ့ခြင်းမရှိပဲ စောင့်ရှောက်မှုကင်းဝေးနေသော သက်ကြီးရွယ်အို ၊ အဖိုးအဖွား (၉)ယောက်တို့မှာလည်း ထိခိုက်သက်ရောက်လွယ်မှုအား ခံနိုင်ရည်မရှိသူများ ဖြစ်ကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အချို့ဆင်းရဲသောအိမ်ထောင်စုများမှ ကလေးသူငယ်များမှာ အဟာရချို့တဲ့မှု အနည်းငယ်ရှိကြသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်မှုသည် ယခုနှစ်တွင် အဖြစ်များလာသည် ကိုလည်း တွေ့ရှိရသည်။ ထို့ပြင် ဝမ်းပျက်ဝမ်းလျှောရောဂါများ မိုးဦးကာလတွင် ဆိုးဆိုးဝါးဝါးဖြစ်ကြသည်မှာ နှစ်တိုင်းကြုံတွေ့နေရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဆယ်တန်း အောင်နှင့်ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားပါသည်။ ကျေးရွာရှိ အထက်တန်းကျောင်း၊ မူလတန်းကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ/ဆရာမများ၊ အခြားဌာနများတွင် ဝင်ရောက်လုပ်ကိုင်နေကြသော အစိုးရဝန်ထမ်းများလည်း ရှိနေခြင်းကြောင့် ကျေးရွာသည် ခေတ်ပညာတတ်ပေါများသော ရွာတစ် ရွာဖြစ်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။ ဘွဲ့များ

ရရှိထားကြသော်လည်း သင့်တော်သောဌာနဆိုင်ရာများတွင် လုပ်ကိုင်နိုင်သောအခွင့်အလမ်းများ နည်းပါးနေကြပါသည်။ ထို့ကြောင့် ဘွဲ့ရအလုပ် လက်မဲ့ဖြစ်နေသော လူငယ်များကျေးရွာ၌ ရှိနေကြပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်း များမြင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက်ပိုမို အထောက်အပံ့ဖြစ်လာနိုင် ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁) ဖွဲ့သာရှိသည်။ ၎င်းအဖွဲ့၏ လုပ်ဆောင်မှုမှာ အားနည်းလျှက်ရှိပါသည်။ ပရဟိတအဖွဲ့ဖြစ်ခြင်းကြောင့် လူမှုရေး လုပ်ငန်းများသာ ဆောင်ရွက်သောအဖွဲ့ဖြစ်သည်။ ထို့ပြင် အစုလိုက်ငွေထုတ်ပေးသော ပြင်ပအဖွဲ့အစည်းတစ်ခု၏ ကူညီပံ့ပိုးမှုရရှိသည်။ ထိုအဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုမှာလည်း အမျိုးသားများနှင့် အသက် (၆၀) ကျော်အမျိုးသမီးကြီးများ ရရှိနိုင်ခြင်းမရှိပါ။ ကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၇၄၄) အိမ်ရှိပြီး လူဦးရေ (၂၈၆၄) ယောက်ရှိသော ကျေးရွာဖြစ်ပါသည်။ သို့ရာတွင်အစိုးရမှ ကူညီပံ့ပိုးသော**မြစိမ်းရောင်စီမံကိန်း** ဟု ခေါ်သော ချေးငွေများကို မရရှိကြပါ။ ကျေးရွာသည် ဖွံ့ဖြိုးမှုအားကောင်းလာနိုင်သော ကျေးရွာဖြစ်သော်လည်း ကူညီပံ့ပိုးမှုအားနည်းမှုကြောင့် ဖွံ့ဖြိုးမှုများအားနည်းနေပါ သည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာသည် ပင်လယ်ကမ်းခြေတွင် တည်ရှိသောရွာဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး လုပ်ကိုင်သူနည်းပါးပါသည်။ အဓိကစိုက်ပျိုးရေးသီးနှံမှာ ဆန်စပါးဖြစ်သည်။ စိုက်ပျိုး ဧကမှာ (၁၈၈) သာရှိသည်။ မိုးရေကိုသာအမှီပြု၍ စိုက်ပျိုးရခြင်းကြောင့် တစ်သီးစား စိုက်ပျိုးရေးဖြစ်သည်။ မြေဆီသြဇာမှာ သဲမြေဖြစ်သဖြင့် အထွက်နှုန်း လျော့နည်းသည်။ တစ်ဧကလျှင် (၃၅)တင်းနှုန်းသာထွက်ရှိသည်။ အရည်အသွေးမှာလည်း ညံ့ဖျင်းပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာဝန်ဆောင်မှုများ၊ အလုပ်သမား လုံလောက်မှုများ မရှိခြင်းမှာလည်း အဟန့်အတားများဖြစ်နေခဲ့ပါသည်။ ခေတ်မီစက်ကိရိယာများ အသုံးပြုနိုင်ခြင်း၊ စိုက်ပျိုးရေးနည်းပညာဆိုင်ရာများနှင့် လက်လှမ်းမမှီနိုင်ခြင်းတို့မှာလည်း အခက်အခဲဖြစ်နေပါ

သည်။ ထွက်ရှိသော စပါးများကိုလည်း ဈေးကွက်မရှိခြင်းကလည်း အကြပ်အတည်းများနှင့် ရင်ဆိုင်မှုများ ရှိနေခဲ့သည်။ စပါးစိုက်ရာတွင် ကြဲပက်စနစ်ကိုသာ အသုံးပြုကြသဖြင့် တစ်ခါတစ်ရံမိုးရွာသွန်းမှု မညီမျှခြင်းနှင့် ရင်ဆိုင်ရသည်။ ဖျက်ပိုးများ၏ အန္တရာယ်ကိုစနစ်တကျကာကွယ်နိုင်ခြင်း ထိရောက်သောဖျက်ပိုး နှိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။ လယ်ယာသုံးစိုက်ပျိုးရေး ချေးငွေများရရှိသော်လည်း အချိန် အခါတွင် ရနိုင်ခြင်းမရှိ၍ ငွေတိုးပေးချေးသူများထံမှ ချေးယူအသုံးပြုကြရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အစုလိုက်ချေးယူခြင်း စနစ်ကြောင့်ဖြစ်သည်။

ကျေးရွာတွင် ကြက်မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ရန်အတွက် အရင်းအနှီးမရှိကြပါ။ အိမ်ထောင်စုများတွင် တစ်နိုင်တပိုင်မွေးမြူကြသော ဝက်များရှိကြသည်။ ကျေးရွာ၏(၄၀%) ခန့်သည် ဝက်များနှင့် ၊ ကြက်၊ ဘဲအချို့ကို မွေးမြူကြသည်။ မွေးမြူရေးအတွက် ချေးငွေများရနိုင်ရန် ချိတ်ဆက်မှုများရယူ၍ နည်းစနစ်တကျ မွေးမြူလာနိုင်ရန် နည်းပေးလမ်းညွှန်မှုများ ပြုလုပ်ပေးပါကမွေးမြူရေးလုပ်ငန်း လုပ်ကိုင်လာနိုင်ပါမည်။

ပင်လယ်ကမ်းခြေရှိသောကျေးရွာဖြစ်ခြင်းကြောင့် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရေလုပ်ငန်းဖြစ်သည်။ ရရှိလာသော ငါး၊ ပုဇွန်များအား ဖြန့်တီးပေးရန် ဈေးကွက်လက်လှမ်းမှီမှုများ နည်းပါးပါသည်။ ထို့ကြောင့် အခြောက်လှမ်း၍ ရန်ကုန်မြို့ ရှိပွဲရုံများသို့ တင်ပို့ရောင်းချရသည်။ ထိုသို့လုပ်ကိုင်ရောင်းချရခြင်းကြောင့် ဈေးလျှော့နဲမှုများ ရှိပါသည်။ ရေလုပ်သားများအတွက် အကျိုးအမြတ်ရရှိမှု နည်းပါးသဖြင့် မိသားစုစားဝတ်နေရေး အဆင်မပြေဖြစ်ကြရပါသည်။ ငါးအဝယ်ဒိုင်များနှင့် အအေးခန်းများ ထားရှိမည်ဆိုပါက ငါးဈေးများသင့်တင့်မှုရရှိနိုင်ပြီး အငှားလုပ်သားတို့အတွက် အဆင် ပြေမှုများ ရရှိနိုင်မည်ကို တွေ့ရှိရပါသည်။ အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန် အလုပ်သမားအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပေးသင့်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက် ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထား တွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ ရေလုပ်ငန်းများတွင်သာအလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုးသူများသည် ဓာတုဗေဒဆေးဝါးများဖြင့် ဖျက်ပိုးများကို နှိမ်နင်းကြရသည်။ စနစ်တကျသုံးစွဲမှုအားနည်းသောကြောင့် မြေဆီလွှာများ ပျက်စီးကာ သီးနှံအထွက်နှုန်း လျော့နည်းမှုများ ကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများ ဖြစ်သော ပလတ်စတစ်အိတ်ခွံများ၊ ဗူး၊ ပုလင်းခွံနှင့်

စွန့်ပစ်ငါးခေါင်းတို့အား သတ်မှတ် မြေနေရာမရှိသဖြင့် စည်းကမ်းမဲ့စွန့်ပစ်ကြ၍ ကျန်းမာရေးထိခိုက်မှုများ ရှိလာကြပါသည်။ ထို့ကြောင့် ကျေးရွာသူ/ ကျေးရွာသားများအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေး လုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်ပေးစေလိုသည်။

ကျေးရွာသည် ပင်လယ်နှင့်ထိစပ်မှုရှိနေခြင်းကြောင့် သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏ ကြုံတွေ့ရသည်။ ၁၉၈၂ခု မေလ(၄)ရက်နေ့တွင် တိုက်ခတ်သော ဆိုင်ကလုံး မုန်တိုင်း (၂၀၀၄) ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ဆူနာမီခေါ် ရေလှိုင်းလှုပ်ခြင်း၊ ၂၀၀၆ခု ဧပြီလ ၂၉ ရက်နေ့တွင် တိုက်ခတ်သော မာလာ မုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည်။ ၁၉၈၂ခုတွင် တိုက်ခတ်ခဲ့သော ဆိုင်က လုန်းမုန်တိုင်းမှာ လေတိုက်နှုန်း (၁၂၀)မိုင်ဖြစ်ပြီး ၂၀၀၆ခ ဧပြီလ၂၉ရက် နေ့တွင် တိုက်ခတ်သော မာလာမုန်တိုင်းမှာ လေတိုက်နှုန်း (၁၅၀)မိုင်ဖြစ်သည်။ လေတိုက်နှုန်း ၆၀မိုင်မှ ၈၀မိုင်ကြားတို့သည် ကျေးရွာ သူကျေးရွာသားတို့အတွက် မကြာခဏ ကြုံတွေ့နေကြရပါသည်။ ထိုသို့ဖြစ်ပွားမှုကြောင့် ရေလုပ်သားများ အတွက် သဘာဝဘေး အန္တရာယ်များနှင့်ကြုံတွေ့ရပြီး အသက်ဆုံးရှုံးမှုများလည်း တွေ့ရသည်။ သဘာဝဘေး အန္တရာယ်ကျရောက်လာလျှင် ခိုအောင်းနိုင်မည့်အဆောက်အဦးများ၊ ရွာချင်းဆက်လမ်း၊ တံတားများရှိလာ စေရန် လိုအပ်နေပါသည်။ ကျေးရွာတွင် ပင်လယ်နှင့် ရေငံချောင်း၊ ဒီရေရောက်တောများဖြင့် ဝိုင်းနေသောရွာ ဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်များကျ ရောက်နိုင်မှု အမြင့်ဆုံးဖြစ်သည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လ အတိုးနှုန်း ၆၇ ပြားတိုး၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ထို့ပြင်ပြင်ပအဖွဲ့အစည်းဖြစ်သော NGO မှလည်း အမျိုးသမီးအသက် ၆၀ အောက်များ တစ်ကျပ်၅၀ပြားနှုန်း ဖြင့် ချေးငွေ(၂၀၀၀၀၀)ကျပ်အား ပံ့ပိုးမှုများ ပေးထားပါသည်။ စိုက်ပျိုးရေးချေးငွေများအား (၁၀)လအတွင်း ပြန်လည်ပေးဆပ်ရပြီး NGO အဖွဲ့မှ ချေးငွေသည် (၂) ပတ်လျှင် တစ်ကြိမ် အတိုးအရင်းပေါင်း၍ ပေးဆပ် ရသည်။ ငါးယောက်တစ်ဖွဲ့ အာမခံနှင့် စည်းကမ်း တင်းကြပ်မှုများဖြင့် ချေးယူရပါသည်။ ကျေးရွာအတွင်းရှိ ငွေတိုး ချေးသူများထံမှ အလွယ်တကူချေးယူ၍ မရရှိနိုင်ပါ။ အပေါင်ပစ္စည်းအဖြစ် ရွှေကို အပေါင်အဖြစ်ပေးမှ သာ ရရှိနိုင်သည်။ အခြားငွေတိုးချေးသူများထံမှ ငွေ(၁၀၀၀၀)ယူလျှင် တစ်နေ့ (၄၀၀) ကျပ်ပြန်လည်ပေးရ ပြီး တစ်လအထိ ချေးယူသုံးစွဲရပါသည်။ ကျေးရွာတွင် မြင့်မားသော ငွေတိုး၏များဖြင့် စားဝတ်နေရေးအား ဖြေရှင်းနေရသောကြောင့်ဆင်းရဲ သားအိမ်ထောင် စုများ၏ဘဝမှာ နစ်မွန်းလျှက်ရှိနေကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြား ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်း အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင် သောဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၂၀,၀၀၀၀ ကျပ်မှ ငါးသိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၇၄၄) ၊ လူဦးရေ(၂၈၆၄) ဦးနေထိုင်သော ကျေးရွာဖြစ်ခြင်းကြောင့် ပညာသင်ကြားမှုတွင် စာသင်ကျောင်း(၂)တွင် သင်ယူကြပါသည်။ အခြေခံပညာမူလတန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ ဖြစ်ပါသည်။ မူလတန်းကျောင်းသည် ကျေးရွာအတွင်းရှိ ရပ်ကွက်တစ်ခုတွင် တည်ဆောက်ထားပြီး အထက်တန်းကျောင်းမှာ ရွာလမ်းမကြီးဘေးတွင် တည်ဆောက်ထားပါသည်။ အထက်တန်းကျောင်းတွင် အထက်တန်းပညာကို သင်ယူနေသော ကျောင်းသားကျောင်းသူများအပြင် အလယ်တန်း၊ မူလတန်းတို့နှင့် တွဲဖက်သင်ကြား သောကျောင်းဖြစ်သည်။ မူလတန်းကျောင်း၏ အရွယ်အစားမှာ (၆၀'x ၃၀'x ၁၈') ပေရှိပြီး အမိုးမှာ သွပ်၊ နံရံမှာအုတ်နံရံဖြစ်ပြီး အခင်းမှာ ကွန်ကရစ်ဖြစ်သည်။ ဆရာ/မ (၅) ယောက်ရှိသည်။ မူလတန်းကျောင်းသားဦးရေမှာ ကျောင်းသား (၄၀)နှင့် ကျောင်းသူ (၄၃) ယောက်ရှိသည်။ ကျောင်းသားကေတျာင်းသူဦးရေနှင့် ဆရာ/မ အချိုးမှာ ၁၆ အချိုး၁ ရှိသည်။ အမိုးသွပ်များမှာ ပေါက်ပြဲနေသဖြင့် မိုးရွာလျှင်နေရာရွှေ့ သင်ကြားရသည်။ မူလတန်းပညာကို သင်ကြားနေသောကျောင်းသူ/သားများမှာ ဒေသခံများဖြစ်ကြသည်။ ယခုနှစ်ကျောင်းသုံးစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့မှုရှိခဲ့သည်။ ကျောင်းအိမ်သာမှာ သန့်ရှင်းမှုရှိပြီး အဟာရတိုက်ကြွေးမှုများ ပြုလုပ်နိုင်ခြင်းမရှိကြပါ။ ဆင်းရဲသော အိမ်ထောင်စုများမှ ကလေးငယ်များသည် စက္ကူနှင့် စာရေးကိရိယာများ အခက်အခဲ ရှိနေသောကြောင့် ကူညီပံ့ပိုးမှုများလည်း လိုအပ်နေပါသည်။ စာသင်ကျောင်းတွင် စာသင်ခန်းမလုံလောက်မှုတို့ကြောင့် ကလေးငယ်များတွင် အခက်အခဲများရှိနေပါသည်။ စာသင်ကျောင်း၏ ဟောခမ်းမှာ သွပ်မိုးပျဉ်ကာ ပျဉ်ခင်းဖြစ်သော်လည်း အိုဟောင်းနေ၍ ကျိုးပဲ့ပျက်စီးနေပါသည်။ နှစ်ထပ်ကျောင်းဆောင်နှင့်ဟောခန်းအား ပြန်လည်ပြုပြင် လိုသော်လည်း ကျေးရွာမှ ပြန်လည်ပြုပြင်နိုင်စွမ်းမရှိပါ။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းတစ်ခု ဖွင့်လှစ်ထားပါသည်။ ဆမလက်မှတ် ရဆရာဝန်တစ်ဦးမှ စေတနာဖြင့် လာရောက်ပံ့ပိုးကူညီပေးပါသည်။ ကျေးရွာသူ ကျေးရွာ သားများသည် အခမဲ့ကုသခွင့်ရကြသည်။ ကျန်းမာရေး ဆိုင်ရာဝန်ဆောင်မှုများနှင့် လက်လှမ်းမှီမှုရှိနေသော ကျေးရွာလည်းဖြစ်ပါသည်။ ကျေးလက်ကျန်းမာရေးမှ တာဝန်ချထားပေးသော သားဖွားဆရာမတစ်ယောက်လည်းရှိပါသည်။ ကျေးလက်ကျန်းမာရေးမှူးမှာ ဒေသခံဖြစ်သောကြောင့် အရေးပေါ်ကျန်းမာရေးအတွက် အဆင်ပြေမှု ရှိပါသည်။

ကျေးရွာတွင် ရေသုံးစွဲမှု၌ မိမိကိုယ်ပိုင်ခြံထဲတွင် လက်ငင်ရေတွင်းတူးဖော်သုံးစွဲသူ (၄၂%)ရှိပါသည်။ အခြားအိမ်ထောင်စုများမှာ လက်လှမ်းမှီရာရေတွင်းများရှိရာသို့ သွားရောက်ယူငင်သုံးစွဲရပါသည်။ ထိုအိမ်ထောင်စုများမှာ (၅၈%)ရှိပါသည်။ အဆင်ပြေ သောအိမ်ထောင်စုများမှာ အုတ်ကျင်းတူး၍ အိမ်သာများကို ဆောက်လုပ်သုံးစွဲနိုင်သော်လည်း အချို့အိမ်ထောင်စုများမှာ ဝါးကျင်းတူး၍ သုံးစွဲကြသည်။ မြေယာမဲ့များမှာ ယင်လုံအိမ်သာသုံးစွဲမှု အလေ့အထမရှိခြင်း၊ ကျန်းမာရေးဗဟုသုတနည်းပါးခြင်းကြောင့် သုံးစွဲမှုမပြုကြပါ။ ထိုအိမ်ထောင်စုများသည် ကျေးရွာ၌ (၄၄.၃၅%) ရှိသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါများ အများဆုံး ဖြစ်ပွားသော အိမ်ထောင်စုများလည်း ဖြစ်ကြသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအက များဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းသီးသန့်ဖော် ဆောင်ခြင်းမရှိသေးချေ။ စာကြည့်တိုက်ဖွင့်ထားသော်လည်း စာပေဖတ်ရှုခြင်းမရှိပါ။

**(ဈ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် ၂၀၁၃-၂၀၁၄ခုနှစ်တွင် လမ်းပေအရှည် (၇၈၅၆)ရှိသော လမ်းအား မြို့နယ် ကျေးလက်ဦးစီးဌာနမှ လမ်းအရှည်ပေ (၂၀၅၆) ပေကိုသာ ကွန်ကရစ် လမ်းခင်းနိုင်ခဲ့ပြီး ပေ(၅၈၀၀)ပေမှာ ကျောက်ကြမ်းလမ်းအဖြစ် ရှိနေဆဲဖြစ်သည်။ အလွန်ဆိုးဝါးနေပြီး ရွှံ့ဗွက်အိုင်များလည်းရှိနေခဲ့သည်။ ပြီးစီးခဲ့သော ကွန်ကရစ်လမ်းပေ (၂၀၅၆)ပေမှာလည်း ယခုအခါပျက်စီးနေလျှက် ချိုင့်ခွက်များရှိနေပါသည်။ ကျေးရွာသည် ရေလမ်းခရီး ပို့ဆောင်ရေးကို အသုံးမပြုပါ။ ကားဆိုင်ကယ်၊ စက်ဘီးနှင့် ဆိုက်ကားတို့နှင့်သာ သယ်ယူပို့ဆောင်သွားလာနိုင်သော ကုန်းလမ်းခရီးကိုသာ အသုံးပြုသောကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် လမ်းများမှာ မြေသားလမ်းဖြစ်၍ နွေရာသီမှသာ အသုံးပြုနိုင်သော လမ်းများဖြစ်သည်။ စုပေါင်းပြုပြင်လိုသော်လည်း ငွေအင်အားချို့တဲ့မှုကြောင့် မပြုလုပ်နိုင်ပဲ ရှိနေပါသည်။ ကျေးရွာ၌ ကုန်တင်ကား (၆) စီး၊ ကားအသေး (၁၅) စီးနှင့် ဖိမ်ခံကား(၁၈)စီး၊ ဆိုင်ကယ် (၃၀၉) စီး၊ ထော်လာဂျီ (၈) စီး၊ စက်ဘီး(၁၇၈)စီးတို့ကို အသုံးပြုလျှက်ရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးမရှိပါ။ ကျေးရွာ၌ ကိုယ်ပိုင် ဒီဇယ် အင်ဂျင်စက်များဖြင့် အသုံးပြုသောအဆင်ပြေသော အိမ်ထောင်စုများရှိသကဲ့သို့ ဆိုလာ စနစ်အသုံးပြုသော အိမ်ထောင်စုများလည်းရှိပါသည်။ အများစုမှာ ဖယောင်းတိုင်မီးကို အသုံးပြုကြသည်။ ကျေးရွာတွင် ဓါတ်အားလိုင်း သွယ်ယူရန် မီးတိုင်များကို စိုက်ထူ ထားကြသော်လည်း လျှပ်စစ်မီးရနိုင်ခြင်းမရှိသေးပါ။ မိုဘိုင်းဖုန်းကို ဈေးကွက်နှင့် အခြား ဝန်ဆောင်မှုအတွက် လက်လှမ်းဖယောင်းတိုင်မီးကို အသုံးပြုကြသည်။ ကျေးရွာတွင် ဓါတ်အားလိုင်းသွယ်ယူရန် မီးတိုင်များကို စိုက်ထူထား ကြသော်လည်း လျှပ်စစ်မီး ရနိုင်ခြင်းမရှိသေးပါ။ မိုဘိုင်းဖုန်းကို ဈေးကွက်နှင့် အခြား ဝန်ဆောင်မှုအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ စာကြည့်တိုက်ရှိပြီး စာအုပ် များကို တောရကျောင်းမှဆရာတော် တစ်ပါးမှ လှူဒါန်းထားသော်လည်း ဖတ်ရှုခြင်း မရှိကြပါ။

**(ည)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်း တယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်း အမြစ်များ အတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကိုချိတ်ဆက် အသုံးပြုနိုင် သော်လည်း ချိတ်ဆက်ဆောင်ရွက်ထား သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲ ထားခြင်းမရှိပါ။ ရွာသား များသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာ တွင်ရာဇဝတ်မှုဖြစ်ပွါးခြင်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင်လျှပ်စစ်မီးမရရှိခြင်းကြောင့် လောင်စာအဖြစ် ထင်းမီးသွေးကိုသာ အသုံးပြုကြရပါသည်။ ကျောင်းသား/သူများမှာ စာကျက်ရာတွင် ဆိုလာပါသော မီးအုပ်ဆောင်းများနှင့် ကျက်မှတ်နေရခြင်းမှာလည်း လူနေမှုအဆင့်အတန်းမမြင့်မား သေးကြောင်း တွေ့ရှိရပါသည်။ လူငယ်ပညာတတ်များသည် လူဦးရေအားလုံး၏ ၅%ခန့် ရှိသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုအသက်မွေးဝမ်းကျောင်း သင်တန်းများအား လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသား အရင်း အမြစ်များကို တိုးတက်ကောင်းမွန်စေလာနိုင်မည် ဖြစ်သည်။ ဌာနဆိုင်ရာ အသီးသီးတွင် ဘွဲ့ရ၊ ဆယ်တန်းအောင်များအတွက် သင့်တော်သောနေရာများ ချမှတ်စေခြင်း အားဖြင့် လည်းအလုပ်လက်မဲ့ဖြစ်နေခြင်းများအား အကျိုးသက်ရောက်မှုများအား ရရှိစေနိုင်ပါ သည်။ ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ ရေဘုယျအားဖြင့် ကောင်းမွန် သည်ဟု ယူဆနိုင်ပါသည်။ သို့ရာတွင်ကျေးရွာ၌ သွေးတိုးရောဂါဖြစ်ပွားမှု များပြား လာကြောင်း တွေ့ရပါသည်။ မြို့နယ်ဆေးရုံကြီးတွင် လိုအပ်နေသောဆေးဝါးများနှင့် နည်းပညာများ လက်လှမ်းမှီမှုမရှိသောကြောင့် ရန်ကုန်မြို့သို့ သွားရောက်ကုသခြင်းများလည်းရှိသည်။ စာသင်ကျောင်းများတွင် ပံ့ပိုးမှုအသင့်အတင့်ရှိသည်ဟု ဆိုနိုင်သော်လည်း စာသင်ကျောင်း အနေအထားမှာ ပျက်စီးယိုယွင်းနေပါသည်။ သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး သဲမြေဖြစ်ပါသည်။ မိုးရွာသွန်းမှု ရရှိပါကကြဲပက် စနစ်ဖြင့် ပျိုးထောင်ရသည်။ ထွက်ရှိသော သီးနှံများမှာ မြေဆီဩဇာမကောင်းခြင်း၊ ဖျက်ပိုး အန္တရာယ် ကျရောက်ခြင်းကြောင့် ညံ့ဖျင်းသော သီးနှံများသာရရှိပြီး ဈေးနှုန်း ကျဆင်း မှုကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ ကောင်းမွန် သည်ဟုဆိုနိုင်ပါသည်။ ရန်ကုန်အစရှိသော မြို့ကြီးများသို့ အလွယ်တကူ သွားလာနိုင် ပါသည်။

ကျေးရွာတွင် ရေလုပ်ငန်းအများဆုံးလုပ်ကိုင်ကြသောကြောင့် ရရှိလာသော ငါး၊ ပုဇွန်များကို ရေခဲရိုက်ခြင်း၊ အခြောက်လုပ်ခြင်းအားဖြင့် ရန်ကုန်မြို့သို့တင်ပို့ ရောင်းချရ ပါသည်။ မြို့ပေါ်ဈေးနှင့် လက်လှုံးမှီမှုရှိသော်လည်း အလွန်ပေါ်များသဖြင့် ဖြန့်းတီး နိုင်ခြင်းမရှိနိုင်ခြေ။

မွေးမြူရေးလုပ်ကိုင်မှုနည်းပါးသော ကျေးရွာဖြစ်သည်။ ကြက်မွေးမြူရေးအား လုပ်ကိုင်သော အိမ်ထောင်စု (၂) အိမ်ထောင်စုသာရှိပြီးကျန်အိမ်ထောင်စုများမှာ တနိုင် တပိုင် စားသုံးရန်အတွက်သာ မွေးမြူကြသည်။ မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ရရှိလာနိုင်ပါက မွေးမြူရေးကို လုပ်ကိုင်လာနိုင်သော ကျေးရွာဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင်မိုဘိုင်းဖုန်း ဆက်သွယ်ရေးကိုဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်

အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ ညံ့ဖျင်းသောကြောင့် အခြား သယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။ သို့ဖြစ်၍ စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာဆိုင်ရာပံ့ပိုးမှုများ လိုအပ်လျှက်ရှိပါသည်။ ကျေးရွာတွင်းတွင် ငွေတိုးချေး သူများရှိသော်လည်း အတိုးနှုန်းမှာမြင့်မားသည်။ ဘဏ်များမှ ကျေးရွာများအတွက် ချေးငွေဝန်ဆောင်မှုပေးသောစနစ်လည်း မရှိသဖြင့် ချေးငွေလိုအပ်သော အိမ်ထောင်စု များမှာ အခက်အခဲကြုံတွေ့နေရပါသည်။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်း မရှိသဖြင့် အလုပ်အကိုင်နှင့်ပုံမှန်ဝင်ငွေရရှိနိုင်ရေးအတွက် အားနည်းနေပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ် ထားပါ သည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများ ကောင်း မွန်ခြင်း၊ ပို့ဆောင်ရေးအခြေခံအဆောက်အဦးများ တိုးတက်ကောင်းမွန်လာခြင်းမှတဆင့် ကျေးရွာ၏လမ်းပန်းဆက်သွယ်ရေးကို တိုးတက်ကောင်းမွန်လာစေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးနှင့် ကျမ်းမာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် စိုက်ပျိုးရေးချေးငွေများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး နည်းပညာ ဝန်ဆောင်မှုများရရှိခြင်းမှတဆင့် ကျေးရွာ၏ စိုက်ပျိုးရေးနှင့်မွေးမြူရေး ထုတ်လုပ်မှုကို တိုးတက်မြင့်မားလာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ-၁) ကျေးရွာတွင် ပို့ဆောင်ဆက်သွယ်ရေးအခြေခံအဆောင်ကအဦးများဖြစ်သော ရွာချင်းဆက်ကွန်ကရစ်လမ်း၊ ရွာချင်းဆက်ချောင်းကူးတံတား၊ ကျေးရွာတွင်းရှိလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။ လိုအပ်သောနည်းပညာနှင့် ငွေကြေးအကူ အညီများကိုလည်း ရရှိအောင်ဆောင်ရွက်သွားပါမည်။

ခ-၂) ကျေးရွာတွင်ခလေးသူငယ်များ ပြည့်ဝသောပညာရေးရရှိရေးအတွက် ကျူရှင်စနစ် ပပျောက်အောင် ဆောင်ရွက်သွားမည်။

၁.၃) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေး တို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက် သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများ ရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင် ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်း တက်ထား သူများကတဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှု တိုးတက်စေမည်။

၁-၄) ကျွန်ုပ်တို့ကျေးရွာတွင် မသန့်ရှင်းသောအမှိုက်၊ စွန့်ပစ်ငါးခေါင်းများ၊ ရေစီးရေလာ မရှိပဲ ပိတ်ဆို့နေသော ရေမြောင်းများ၊ ယင်လုံအိမ်သာအသုံးပြုခြင်းနည်းပါးခြင်း၊ များအားကျန်းမာရေးဆိုင်ရာအသိပေး ဟောပြောပွဲများပေးခြင်း၊ စွန့်ပစ်ရန်နေရာ သတ်မှတ်ပေးခြင်းဖြင့် ကျန်းမာရေးကောင်းမွန်သော ကျေးရွာဖြစ်လာအောင် ဆောင်ရွက် သွားပါမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေး အဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာ အဆင့် ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ် ပေးနိုင်ကြ ပါသည်။

(က) **ပညာရေးအားတိုးမြှင့်ဆောင်ရွက်ရန်**

ကျေးရွာတွင်ခလေးသူငယ်များ ပြည့်ဝသောပညာရေးရရှိရေးအတွက် ကျူရှင်စနစ် ပပျောက်အောင် ဆောင်ရွက်သွားလျှင် အဆင်မပြေသောမိသားစုများ၏ ကလေးများ၏ ပညာရေးအဆင်ပြေလာနိုင်ပါသည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက် ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်း များရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက် ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီး မှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာ

အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦး ရွက်ပြုသင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲ ချမှတ် သင့်သည်။ အထူးသဖြင့်လယ်သမားနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေ လိုအပ် ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်းမရှိသေးသဖြင့် မြို့နယ် သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလား အလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီး များအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေး လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန် အတွက်လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

## ၈။ စီမံကိန်း စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

ကျွန်တော်တို့ကျေးရွာ၏ စီမံချက်များသည် အကောင်အထည် ဖော်မည့်ဗျူဟာ များကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နိုင်လည်နိုင်စေမည့် ဖော်ထုတ် ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလ အတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင် အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ကျေးရွာတွင် လိုအပ်ချက်များကို တင်ပြတောင်းဆိုထားသော စီမံချက်များထဲတွင် ငါးနှစ်တာကာလအတွက် မဲစနစ်ဖြင့် ဦးစားပေး ရွေးချယ် ခဲ့ကြသော စီမံချက်များသည် ကျေးရွာတွင်လိုအပ်သော အဓိကလိုအပ်ချက် များကို ရွေးချယ် တင်ပြထား ခြင်းဖြစ်ပါသည်။ ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း တဆက်တည်း ရွေးချယ် ထားပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စု ခွဲခြားခြင်း**

စီမံကိန်းစီမံချက်နှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိပ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီပွားရေးအကျိုးပြုဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှု ဆိုင်ရာငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်း တာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်း အခြား များကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ် ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည် မြင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သစ်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံ ချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြား အေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်း များမှ အောက်ပါအတိုင်းဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ

| ကဏ္ဍ/အကြောင်းအရာ | အဆိုပြုစီမံချက် | ဦးစားပေး အဆင့် | ရမှတ် | မှတ် ချက် |
|---|---|---|---|---|
| လမ်းပန်းဆက်သွယ်ရေး | ကျေးရွာတွင်းလမ်းအားကျောက်ချောခင်းခြင်း | ၁ | ၁၀၀ | |
| လမ်းပန်းဆက်သွယ်ရေး | ကျေးရွာချင်းဆက်လမ်းအားပြုပြင်ခြင်း | ၁ | ၁၀၀ | |
| ပညာရေး | ကျောင်းဆောင်သစ် ပြန်လည်ပြုပြင်ပေး ခြင်း | ၁ | ၁၀၀ | |
| ပညာရေး | ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ်ချက်များတင်ပြတောင်းခံ ခြင်း | ၂ | ၈၀ | |
| အသက်မွေးဝမ်းကျောင်း လုပ်ငန်း | သင့်တော်သောအလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက် ပေးခြင်း | ၃ | ၅၀ | |
| စိုက်ပျိုးရေး | စိုက်ပျိုးရေးချေးငွေ များကိုတစ်ယောက်ချင်းစီအတွက်ထုတ် ချေးစေခြင်း | ၂ | ၈၀ | |
| စိုက်ပျိုးရေး | စိုက်ပျိုးရေးအတွက်ခေတ်မှီစက်ကိရိယာများရရှိအောင်ဆောင်ရွက် ခြင်း | ၄ | ၄၅ | |
| စိုက်မွေးမဟုတ်သောဝင်ငွေရလုပ်ငန်း | ဒေသနှင့်ကိုင်ညီ သောအလုပ်ရုံစက်ရုံများဖန်တီးပေးခြင်း | ၅ | ၄၄ | |
| လမ်းတံတားကောင်းမွန် ရေး | ကျေးရွာချင်းဆက်တံတား(ကျောက် ကြီး-ရပဟိုင်ကူးတို့) တည်ဆောက်ပေး ခြင်း | ၂ | ၈၀ | |
| လူသားချင်းစာနာထောက်ထားမှု | သာယာလှပသောဆိပ်ကမ်းနှင့်ကမ်းခြေတစ်ခုအားဝိုင်းတန်းကူညီပံ့ ပိုးပေး ခြင်း | ၆ | ၄၂ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုပေါ်မူတည်ပြီး နှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီး လက်ရှိ အနေဖြင့်ရေးဆွဲထားသောစီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | အဆိုပြုစီမံချက် | ဦးစားပေးအဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းအား ကျောက်ချောခင်းခြင်း | ၁ | √ | | | | |
| ၂ | ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ခြင်း | ၁ | √ | | | | |
| ၃ | ကျောင်းဆောင်သစ် ပြန်လည်ပြုပြင်ပေးခြင်း | ၁ | √ | | | | |
| ၄ | ပညာရေးဌာနနှင့်ချိတ်ဆက်၍လို အပ်ချက်များတင်ပြ တောင်းခံခြင်း | ၂ | | √ | | | |
| ၅ | သင့်တော်သောအလုပ်အကိုင်အခွ င့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးခြင်း | ၃ | | | √ | | |
| ၆ | စိုက်ပျိုးရေးချေးငွေ များကို တစ်ယောက်ချင်းစီအတွက်ထုတ် ချေးစေခြင်း | ၂ | | √ | | | |
| ၇ | စိုက်ပျိုးရေးအတွက်ခေတ်မီ စက်ကိရိယာများရရှိအောင် ဆောင်ရွက်ခြင်း | ၄ | | | | | |
| ၈ | ဒေသနှင့်ကိုင်ညီသောအလုပ် ရုံစက်ရုံများဖန်တီးပေးခြင်း | ၅ | | | √ | | |
| ၉ | ကျေးရွာချင်းဆက်တံတား (ကျောက်ကြီး-ရဟိုင်ကူးတို့) | ၂ | | √ | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | တည်ဆောက်ပေး ခြင်း | | | | | | |
| ၁၀ | သာယာလှပသောဆိပ်ကမ်း နှင့်ကမ်းခြေတစ်ခုအားဝိုင်း ဝန်းကူညီပံ့ပိုးပေးခြင်း | ၆ | | | | √ | |

၉။ **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်း နမူနာဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက် နိုင်ရန်အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ် ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက် များကိုရေးဆွဲရာ တွင်မြို့ နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်း လိုအပ်ပါ သည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက် ပမာဏတွင်ကျေးရွာ လူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

| စဥ | **စီမံကိန်း** | **ရန်ပုံငွေ** | **ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)** | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | **ငွေလုံးငွေရင်း** | စွမ်း ဆောင်ရည်မြှင့်တင်ခြင်း | လူသားချင်းစာ နာထောက်ထားမှု |
| ၁ | **ကျေးရွာတွင်းလမ်းအား ကျောက်ချောခင်းခြင်း** | | | √ | | |
| ၂ | **ကျေးရွာချင်းဆက်လမ်းအားပြုပြင်ပြင်ခြင်း** | | √ | | | |
| ၃ | **ကျောင်းဆောင်သစ်ပြန် လည်ပြုပြင်ပေး ခြင်း** | | | √ | | |
| ၄ | **ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ် ချက်များတင်ပြတောင်းခံ ခြင်း** | | √ | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | **သင့်တော်သောအလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးခြင်း** | | | | √ | |
| ၆ | **စိုက်ပျိုးရေးချေးငွေများကို တစ်ယောက်ချင်းစီအတွက် ထုတ်ချေးစေခြင်း** | | | √ | | |
| ၇ | **စိုက်ပျိုးရေးအတွက်ခေတ်မှီ စက်ကိရိယာများရရှိအောင် ဆောင်ရွက်ခြင်း** | | √ | | | |
| ၈ | **ဒေသနှင့်ကိုင်ညီသောအလုပ်ရုံ စက်ရုံများဖန်တီးပေးခြင်း** | | | √ | | |
| ၉ | **ကျေးရွာချင်းဆက်တံတား (ကျောက်ကြီး-ရဟိုင်ကူးတို့) တည်ဆောက်ပေးခြင်း** | | | √ | | |
| ၁၀ | **သာယာလှပသောဆိပ်ကမ်းနှင့်ကမ်းခြေတစ်ခုအားဝိုင်းဝန်းကူညီပံ့ပိုးပေးခြင်း** | | | √ | | |

၁၀။**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိ ရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့် ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအ သီးသီးအား တာဝန် ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည် ဥပမာ-မိဘ၊ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း ပညာရေး အရည် အသွေးကောင်းမွန် တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ မွေးမြူရေးအဖွဲ့မှလည်း

မွေးမြူရေး ထွက်ကုန်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာထွက်ကုန်နှင့် ကုန်ထုတ်လမ်းအဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်တော်တို့ကျေးရွာအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ မွေးမြူရေးအဖွဲ့မှလည်း မွေးမြူရေးထုတ်ကုန်ပစ္စည်းနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် အတွက်မြို့နယ်မွေးကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန် လုပ်ငန်းတိုးတက်လာရေးနှင့်အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်စိုက်ပျိုးရေး ဝန်ကြီး ဌာန၊ မြို့နယ်အဆောက်လုပ်ရေးဌာနတို့နှင့်ဆက်သွယ်၍ စိုက်ပျိုးရေးနည်း ပညာများ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာ နည်းပညာများကို ရယူပါ မည်။

## (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစား အတွက် အောက်ပါအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

*ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည်လုပ်ငန်းများအတွက် ကန်ထ ရိုက်များ

*စိုက်ပျိုးရေးမွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာ ဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာ ဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများစီမံကိန်း လုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာကြီးကြပ်မှု ပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူ ပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေး ထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်တော်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လို သူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောက်ရွက်မည် ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တံ့ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာ–အားဖြင့် တံတားပြုပြင် ထိန်း သိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ၊ဆရာအသင်း စသည့်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ **စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည် ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေး အကဲ ဖြတ်ကြပါမည်။ ပထမဦးစွာ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်း များဖြင့် ဆောင်ရွက်ပါမည်။ ထိုမှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

ကျွန်တော်တို့သည် ကျွန်တော်တို့ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီး ကြပ်စစ် ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက်စစ်ဆေး သုံးသပ်ပါမည်။ အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ပထမဆုံးသတင်းအချက် အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက် များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ် ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ကြီးကြပ် စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း

ဆောင်ရွက်ရမည့်ကိစ္စများကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်အလက် များပေါ်ဦးတည်ပါမည်။

(၁) **လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတား များနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းခဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂)**ငွေကြေးဆိုင်ရာတိုးတက်မှု**

- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံ တွေ့နေရသော အခက်အခဲများ၊ပြဿနာများ ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ - ၃ မျက်နှာပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါသည်။ ၎င်းအစီရင်ခံ စာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ / သားများပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များလိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါသည်။

**(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ် တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်း များ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ် များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

**ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-**

***ကျေးရွာအုပ်စု** အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊

ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့ အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန် လည်ပြုပြင်ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

(ဂ) **နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် ပထမဦးကာလတွင်အချိန်ပိုင်းအလိုက်လေ့လာ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

**ကိုးကားစာရင်း**

၁။ ၂၀၁၅/၁၆။ ငဖြူကလေး၊ သာယာဝတီမြို့နယ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း။

၂။ ကျေးရွာအကျိုးတော်ဆောင်များဖြည့်စွတ်ထားသော ထောက်ကူပြု ဇယားများ။

၃။ ကျေးရွာအကျိုးတော်ဆောင်များဖြည့်စွတ်ထားသောတအိမ်ထောင်စုအချက်များ။

၄။ ရဟိုင်ကူးတို့ကျေးရွာအုပ်စုဆွေးနွေးခြင်းဆိုင်ရာအချက်အလက်များ။

**ရဟိုင်ကူးတို့ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂၆ | ၁၉ | ၄၅ | ၁.၅၇ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေး ငယ် | ၉၃ | ၉၉ | ၁၉၂ | ၆.၇၀ |

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၀၅ | ၁၀၂ | ၂၀၇ | ၇.၂၂ |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅၇ | ၁၅၂ | ၃၀၉ | ၁၀.၇၈ |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၉၁၃ | ၉၃၇ | ၁၈၄၇ | ၆၄.၄၉ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၁၅ | ၁၄၆ | ၂၆၁ | ၉.၁၁ |
| **စုစုပေါင်း လူဦးရေ** | | ၁၄၀၉ | ၁၄၅၅ | ၂၈၆၄ | ၉၉.၉၉ |
| **စုစုပေါင်း အိမ်ထောင်စု – ၇၄၄** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ – (၄ယောက်)** | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ လေ့လာတွေ့ရှိချက်အရ ကျေးရွာသည် လူနေထူထပ်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။ စုစုပေါင်းအိမ်ထောင်စု (၇၄၄) အိမ်ရှိ၍ လူဦးရေ (၂၈၆၄) ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်များပြား၍ တစ်အိမ်ထောင်ရှိ ပျမ်းမျှ လူဦးရေမှာ(၄)ယောက်ဖြစ်ပါသည်။ ကျေးရွာတွင် တစ်နှစ်အောက် နို့စို့အရွယ်ခလေး နည်းပါးသည်ကိုတွေ့ရပါသည်။

**(၁.၂) အလုပ်လုပ်နိုင်သူ အင်အား**

**(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄ | ၃.၂၂ | ၃၀ | ၂ | လယ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀.၅၃ | ၄ | ၁ | ကြက်၊ စီးပွားဖြစ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၃၁ | ၁၇.၆၀ | ၁၃၉ | ၅ | ငါးဖမ်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၅၇ | ၃၄.၅၄ | ၂၃၀ | ၆ | ငါးဖမ်းအငှား လိုက် |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀.၅၃ | ၄ | | ငါးအဝယ်ဒိုင် |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁.၄၇ | ၁၁ | | လက်သမား |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄၀.၅၃ | ၄ | ၃ | ဆိုင်ကယ်ပြင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၂၆ | ၂ | ၆ | အပ်ချုပ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဥ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၉ | ၁၀.၆၁ | ၉၀ | ၂၄ | ဈေးရောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၁.၄ | ၅ | ၄ | အိမ်ဆိုင်တွင်အကူရောင်း |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၉ | ၁.၂၀ | ၉ | ၁၄ | ကားမောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၀.၂၆ | ၂ | - | ကား အငှားလိုက် |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| **၁၅** | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၇ | ၀.၉၄ | | | ဘော်ဒါပြု၊ ထွေအုပ်စာရေး |
| **၁၆** | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၀.၉၄ | | | ဆရာ/မ |
| **၁၇** | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၉.၄၀ | | | သူနာပြု |
| **၁၈** | **လူမှုရေးလုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁၉ | **အိမ်များတွင်အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀၂ | ၂၇.၁၅ | ၁၉၀ | ၆ | ကျပန်း |
| ၂၀ | | | | | | |
| | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၁၃ | | | ကုမ္ပဏီ |
| | **စုစုပေါင်း** | **၇၄၄** | **၁၀၀ %** | **၇၅၅** | **၁၄၅** | |

**ရင်းမြစ်** ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ ရေလုပ်ငန်းအများဆုံးလုပ်ကိုင်သည်ကို တွေ့ရှိရသည်။ ကုန်စုံဆိုင်ရောင်းသူ၊ ခေါင်းရွက် ဗျတ်ထိုး၊ လက်လီလက်ကား၊ ပန်းရံ၊ လက်သမား၊ ပန်းထိမ်၊ အုန်းသား စသောလုပ်ငန်း များလည်း လုပ်ကိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူ အလွန် နည်းပါးပါသည်။ ကားဆိုင်ကယ်အငှားလိုက်သူများလည်းရှိသည်။ ပြည်တွင်းပြည်ပသို့ သွားရောက်လုပ်ကိုင်သူများလည်း

ရှိပါသည်။

**(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၀၀၀ | ကောက်စိုက်။ပျိုးနုတ် ရာသီလိုက် |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | ၅၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၁၀၀၀ | နေ့စဉ်လုပ်ကိုင်ရခြင်းမရှိ |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ် ရေးနှင့် သဘာဝ ရင်းမြစ်များ ထုတ် လုပ်ခြင်း | | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၃၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၀၀၀ | ရန်ဖန်ရန်ခါ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၀၀၀၀ | | ၇၀၀၀ | | |
| ၈ | လက်လီ-လက်ကား | နေ့ | | ၁၅၀၀ | | ၃၀၀၀ | ကုန်စုံဆိုင်ပါမျ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| | ရောင်းဝယ်ရေး | စား | | ၀ | | | ား |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၅၀၀၀ | | ၂၅၀၀ | လုပ်ငန်းတွင် ကျယ်မှုနည်းပါး |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်**

(၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် နေ့စားလုပ်သားများဟု ဆိုသော် လည်း နေ့စဉ်အလုပ်မရှိပါ။ ရေလုပ်ငန်းလုပ်ကိုင်သူများမှာလည်း ရာသီဥတုကိုလိုက်၍ လုပ်ကိုင်ရသည်ကို တွေ့ရပါသည်။

### (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရ ရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့် နေရာ/ ရေပေးနိုင်သည့် ဧက) |
|---|---|---|---|---|
| **လယ်မြေ** | ၁၁၈ | ညံ့ | မရ | မရှိ |
| **ယာမြေ /တောင်ယာ** | | | | |
| **ဥယျာဉ်ခြံမြေ** | ၃၀ | သင့် | မရ | မရှိ |

| မြေအမျိုးအစား | ဧရိ ယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရ ရှိမှု (ရ/မရ/အ နည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့် နေရာ/ ရေပေးနိုင်သည့် ဧက) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| စုစုပေါင်း | ၁၄၈ | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်ကြသော်လည်း မြေဆီလွှာညံ့ဖျင်းသည်ကို တွေ့ရပါသည်။မိုးရေကိုသာ အားထားစိုက်ပျိုးရသောကြောင့် စိုက်ပျိုးရာသီတွင် အခက်အခဲကြုံတွေ့ရပါသည်။

**(၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| အခြား ရင်းမြစ်များ | | |
| အခြားသဘာဝ ရင်းမြစ် | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမှီ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ဓာတ်သတ္တုနှင့်ပတ်သက်၍ ကျေးရွာသူ ကျေးရွာသားများ လက်လှမ်းမမှီပါ။

**(၁.၄) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲသော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | | | | |
| အိမ်အခြေအနေ | တိုက်၊ သွပ်မိုး | ဓနိမိုး၊ပျဉ် ထောင် | ပျဉ်ခင်း ဓနိမိုး | ဓနိမိုး၊ ထရံကာ |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ကုန်တင် ကား၊ စက်လှေ | ကားသေး၊ စက်ဆေလှ | ဆိုင်ကယ်၊ လှေသေး | မရှိ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား၊တီဗွီ၊စလောင်း၊ ဖုန်း၊စက်ဘီး၊ ထော်လာဂျီ | ဆိုင်ကယ်၊တီဗွီ၊ စလောင်း၊ဖုန်း၊စက်ဘီး | ဆိုင်ကယ်၊ ပေါ်တေဘယ်၊စက် ဘီး | ဖုန်း |
| အဓိကစီးပွား ရေး လုပ်ငန်း | ရေလုပ်ငန်း ရှင်၊ကုန်စည် ပို့ဆောင်ရေး | ကုန်စုံဆိုင်၊ ငါးဖမ်းလှေပိုင် | ရေလုပ်သား၊ ကျပန်း | ရေလုပ်သား၊ ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – ၇၄၄ | ၁၆ (၂.၁၅%) | ၇၇ (၁၀.၃၄%) | ၃၃၈ (၄၅.၄၃%) | ၃၁၃ (၄၂.၀၆%) |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု များ၏ လူနေမှုစနစ်သည် အလွန်မြင့်မားကြောင်းတွေ့ရှိရပြီး စီးပွားရေး လုပ်ကိုင်ရန် အတွက် ပိုင်ဆိုင်မှုများရှိနေကြောင်း တွေ့ရှိရပါသည်။ ရေလုပ်ငန်းရှင်များနှင့် အခြား လုပ်ကိုင်နိုင်သော အခွင့်အလမ်းရှိသူများ ဖြစ်ပါသည်။ ကုန်စုံဆိုင်များ၊ ဝန်ထမ်းများနှင့် စက်လှေပိုင်ဆိုင်သူများသည် အသင့်အတင့်အဆင်ပြေကြသူများဖြစ်ပြီး အခြား လုပ်ငန်း များနှင့်လည်း လက်လှမ်းမှုရှိကြပါသည်။ ဆင်းရဲသော အိမ်ထောင်စုအချို့မှာ အိုးပိုင် အိမ်ပိုင်၊ ခြံပိုင်များရှိကြပြီး ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းများကို အငှားလုပ် သူများဖြစ်ကြောင်း တွေ့ရပါသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုများမှာ အလုပ် ရှင်ပိုင်သော ခြံမြေများတွင် နေထိုင်ကြရပြီး ရေလုပ်ငန်းအငှား၊ ကျပန်းအလုပ် သမားများ ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**(၁.၅) ထိခိုက်လွယ်မှု**

**(၁.၅.၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဋ္ဌစွာခနေ အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| **၃ လအောက်** | ၁၉၁ | ၂၉.၃၃% | ကြွေးယူဖြေရှင်း |
| **၃ လနှင့် ၆ လအောက်** | ၁၉၁ | ၂၉.၃၃% | ကြွေးယူဖြေရှင်း |
| **၆ လ မှ ၁၂ လ အထိ** | ၄ | ၀.၆၁% | ကြွေးယူဖြေရှင်း |

**ရင်းမြစ်..ဋ္ဌစွာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ ခနေအဆင့် ၃ နှင့် ၄ ရှိသောအိမ်ထောင်စု အများဆုံးကို တွေ့ရှိရပါသည်။ ထိုအိမ်ထောင်စုများမှာ ရေလုပ်ငန်းအငှားလုပ်သားများနှင့် ကျပန်းလုပ်သားများဖြစ်ကြသည်။ စားဝတ်နေရေး အတွက် ပုံမှန်ဝင်ငွေမရရှိကြ၍ ငွေတိုးချေးယူ၍ ဖြေရှင်းကြရပါသည်။ NGO အဖွဲ့၏ ကူညီထောက်ပံ့မှုကိုယူ၍

ဖြေရှင်းရသည်ကိုလည်း တွေ့ရပါသည်။ ငွေတိုးချေးယူရသော အတိုးမှာ (၂၀) ကျပ်တိုးဖြစ်ပြီး တစ်လတစ်ကြိမ်အတိုးပေး၍ ခြောက်လကြာမြင့်လျှင် ပြန်လည်ပေးဆပ်ရပါသည်။ မိမိဝင်ငွေနှင့်မလုံလောက်သောကြောင့် ချေးယူသုံးစွဲရ ကြောင်းတွေ့ရှိရပါသည်။ တစ်နှစ်ပတ်လုံးငွေချေးယူခြင်းမရှိပဲ စားဝတ်နေရေးအဆင် ပြေသော အိမ်ထောင်စုမှာ (၄)အိမ်သာရှိကြောင်း တွေ့ရှိရပါသည်။

**(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| **မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်** | ၃ | ၆ | ၉ |
| **မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်** | | | |
| | **အိမ်ထောင်စု အရေအတွက်** | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု** | ၃ | | |
| **ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု** | ၂ | | |
| **အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု** | ၂ | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော စားဝတ်နေရေးခက်ခဲနေသော သက်ကြီးရွယ်အိုများ၏ ဘဝရပ်တည်မှုကို တွေ့ရှိရပါ သည်။ ပတ်ဝန်းကျင်မှ ကူညီစောင်မပေးမှုဖြင့် စားဝတ်နေရေးကို ခက်ခဲစွာစားသောက် နေရကြောင်းကို တွေ့ရှိရပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများမှာ အလုပ် အကိုင်အတည်တကျမရှိပဲ သားသမီးတို့၏ စားဝတ်နေရေးနှင့် ပညာရေးကို ရုန်းကန် နေရကြောင်း ကိုလည်းတွေ့ရှိရပါသည်။ မိခင်အုပ်ထိန်းမှုမရှိသော သားသမီးတို့အား စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ရှာဖွေကျွေးမွေးနေသော အိမ်ထောင်စု များလည်းရှိပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အဆင်မပြေ၍ အခြားကျေးရွာများသို့ သွားရောက်စီးပွားရှာနေသော အိမ်ထောင်စုများကိုလည်း တွေ့ရှိရပါသည်။

**(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် | အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | မြေရှိသော်လည်း၊ စိုက်ပျိုးရေ ရှားပါး |
| ၃ | ရေကြီးခြင်း | နိမ့် | |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | လတ် | ရံဖန်ရံခါ မုန်းတိုင် ဝင်ရောက် |
| ၇ | လျှော | လတ် | ရံဖန်ရံခါ |
| ၈ | မီးဘေး | လတ် | ရံဖန်ရံခါ |
| ၉ | ဆားငန်ရေဝင်မြေ | လတ် | ရံဖန်ရံခါ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်ထုတ်လုပ်ရေး လုပ်သောကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | |
| ၁၃ | တီဘီရောဂါ | လတ် | |
| ၁၄ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | မိုးကြီးလျှင် ရွှံ့ထူသောကြောင့် |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၉ | အခြား | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လေ့လာတွေ့ရှိချက်အရ ကျေးရွာတွင် နေထိုင်သောအိမ်ထောင်စုအများမှာ စားနပ်ရိက္ခာမဖူလုံကြောင်းတွေ့ရှိရသည်။ ထိုအိမ်ထောင်စုများသည် ထိခိုင်သက်ရောက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။ စိုက်ပျိုးလုပ်ကိုင်နေသော လယ်သမားများတွင် မြေဆီလွှာညံ့ဖျင်းခြင်း၊ စိုက်ပျိုးရေလုံလောက်ခြင်းမရှိခြင်းစသော သဘာဝအရင်းအမြစ်ရှားပါးမှုတို့ကြောင့် ထိခိုက်နိုင်မှုအများဆုံးဖြစ်သည်။ ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုများသည် တစ်ခါတစ်ရံမုန်တိုင်းဒဏ်နှင့် ငလျှင်ဒဏ်များ ကိုလည်း ခံရကြောင်းတွေ့ရှိရပါသည်။ သစ်တောများပြုန်းတီးမှုကြောင့် သဘာဝ ဘေးအန္တရာယ်များ ကြုံတွေ့ရခြင်းနှင့် ငှက်ဖျားရောဂါ၊ တီဘီရောဂါဖြစ်ပွားမှုလည်းရှိ ကြောင်း တွေ့ရှိရပါသည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | နိမ့် | ထိခိုက်သက်ရောက်မှုနည်းပါး ခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | အလုပ်အကိုင်ရှားပါးမှု၊ တောင်ယာထွက်ကုန်ဈေးနှုန်း လျော့ကျမှု |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | နိမ့် | |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | နိမ့် | |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂၀ | ကားသမား | နိမ့် | |
| ၂၁ | အခြား | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ လေ့လာတွေ့ရှိချက်အရ ထိခိုက်သက်ရောက်မှု အများဆုံး ခံရသောအိမ်ထောင်စုများမှာ ဆင်းရဲ၍အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့် မြေယာမဲ့လက်လုပ်လက်စား ၊ ကျပန်းအလုပ်သမားအိမ်ထောင်စုတို့ ဖြစ်ပါသည်။ လူငယ် ရှိသောအိမ်ထောင်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု လျော့နည်းကြောင်းတွေ့ရှိရပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | လူမှုကူညီရေးအဖွဲ့ | ၂ | ၃၅၀ | ၇၀ | ၄၂၀ | ပရဟိတ | ၄ | ၇ |
| ၂ | | | | | | | | |
| ၃ | | | | | | | | |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင်း ကျေးရွာသူကျေးရွာသားများ စုပေါင်း၍ ပရဟိတဆောင်ရွက်သော လူမှုကူညီရေးအသင်းဖွဲ့စည်းထားကြောင်း သိရပါ သည်။

### (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ပက်မြန်မာ | ၂ | ချေးငွေချေးသောအဖွဲ့ |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ **ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း** (ဥပမာ – UK Aid, GIZ **စသည့်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အထက် ဇယား တွင်ဖော်ပြထားသော ပြင်ပအဖွဲ့အစည်း**သည်** ၄င်းချေးငွေလုပ်ငန်းအရ တစ်လလျှင် **(၂)** ကြိမ်အတိုးငွေများ ပေးသွင်းရသောကြောင့် အဆိုပါဆောင်ရွက်နေသော လုပ်ငန်း များ အောင်မြင်နိုင်ရေးအတွက် အမျိုးသမီးများ၏ ပုံမှန်ဝင်ငွေရလုပ်ငန်းများ လိုအပ် နေသည်ကို လေ့လာတွေ့ရှိရပါသည်။

**(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၂၀ | ၉၀.၆၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၃ | ၀.၄၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၀ | ၁.၃၄ | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၁၀ | ၁.၃၄ | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁ | ၀.၁၃ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၇၄၄ | ၁၀၀% | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် လယ်ယာစိုက်ပျိုးနိုင်သော လယ်သမားအိမ်ထောင်စုမှာ အလွန်နည်းပါးကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးနိုင်သော လယ်ဧကမှာ ကျယ်ပြန့်မှုများ မတွေ့ရပေ။ လယ်ယာမြေမပိုင်ဆိုင်သော သူများမှာ ရေလုပ်ငန်းကိုလုပ်ကိုင်ကြပါသည်။

**(၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄)** ကျေးရွာ၏ ရေရင်းမြစ်နှင့် **ရေသွင်းဧရိယာ**

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၈ | အခြား/မိုးရေ | | | | |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်သမားအများစုမှာ ရာသီအလိုက်သီးနှံများအား စိုက်ပျိုးချင်ကြသော်လည်း စိုက်ပျိုးရေမရှိသောကြောင့် ရာသီပေါ်သီးနှံများမစိုက်ပျိုးနိုင်ပါ။ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရပါသည်။

**(၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင် မှု (နိမ့်/လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စ ပါး | ၁၁၈ | တင်း | ၄၀ | ၅၀ | ၄၅ | ဇူလိုင် | ဒီဇင်ဘာ | မြင့် | နိမ့် | |
| | | | | | | | | | | |
| | | | | | | | | | | |
| | | | | | | | | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာရှိ လယ်သမားများ၏ အဓိက စိုက်ပျိုး သီးနှံများမှာ လက်ရှိအနေအထားအရ စပါးနှင့်မြေပဲကိုသာ စိုက်ပျိုးကြပါသည်။ ၎င်းသီးနှံ (၂)မျိုးမှာလည်း မြေဆီဩဇာမကောင်းသောကြောင့် အထွက်နှုန်း လျော့နည်း ခြင်းဖြစ် သည်။

**(၂.၂.၁.၄)လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု**

| **စက်အမျိုး အစား** | **ပိုင်ဆိုင်မှု** | | | | | **စက်ကိရိယာငှား ရမ်းလုပ်ကိုင်နေ သော တောင်သူ အရေအတွက်** | **မှတ်ချက်/ အခြေအနေ** |
|---|---|---|---|---|---|---|---|
| | **တစ်ဦး ချင်း ပိုင်** | **အဖွဲ့ပိုင်** | | **ရွာပိုင်** | | | |
| | | **အရေအတွက်** | **လယ်သမားဦးရေ** | **အရေအတွက်** | **လယ်သမားဦးရေ** | | |
| **ထွန်စက်** | ၂ | | | | | | |
| **လက်တွန်းထွန်စက်** | ၁ | | | | | | လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်မှုအားနည်း |
| **အစေ့ချ ကိရိယာ** | | | | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | | | | |
| **ရိတ်သိမ်းစက်** | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| **မြက်ရိတ်စက်** | | | | | | | |
| **အခြား** | | | | | | | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးသုံး ကိရိယာများကို ခေတ်မှီစက်ကိရိယာများဖြင့် လုပ်ကိုင်နိုင်မှုအားနည်းပါသည်။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

| **အခြေအနေ** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ)** | စိုက်ပျိုးရန်အတွက်မြေအလုံအလောက်ရှိပါသည်။ မြေဆီသြဇာအလွန်နည်း**ပါသည်။** |
| **ရေရင်းမြစ်** | သဘာဝတွင်းများတူးဖော်ခြင်းဖြင့် ရရှိနိုင်ပါသည်။ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | မြေသြဇာအဖြစ် ငါးခေါင်းစွန့်ပစ်ပစ္စည်းများ ရရှိနိုင်ပါသည်။ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | ထောက်ပံ့မှုမရှိပဲဝယ်ယူနိုင်ပါသည်။ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရရှိပါသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှု များ | အားနည်းနေပါသည်။ |
| သွင်းအားစုဈေးကွက် | ရရှိနိုင်ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ထုတ်လုပ်မှုအင်အားနည်းပါးသဖြင့် ကုန်သွယ်မှုမပြုနိုင်ပါ |
| အခြား | |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးမြေများမှာ အသင့်အတင့်ရှိပါသည်။ စိုက်ပျိုးရန်အတွက် သဘာဝတွင်းများ တူးဖော်၍ရနိုင်သော်လည်း မိုးရေကိုသာအားထား၍ စိုက်ပျိုးရပါသည်။ မြေဆီလွှာကောင်းမွန်အတွက် နွားချေးနှင့် ကျေးရွာမှထွက်ရှိသော ငါးခေါင်းများကို အသုံးပြုကြောင်းတွေ့ရပါသည်။ သီးနှံအထွက် နှုန်းလျော့နည်းပြီး အရည်အသွေးညံ့ဖျင်းသောကြောင့် ဈေးကွက်လျော့နည်းနေသည်ကို တွေ့ရပါသည်။

**(၂.၂.၁.၆)သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

